# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ဆေးရုံများနှင့် ကျန်းမာရေးဌာနများ

## ခုတင်အဆင့်မြှင့်တင်ခြင်း၊ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်းတို့အတွက်

## လိုအပ်သည့် အခြေခံမှုများ

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ မတ်လ(၄)ရက်

## ဆေးရုံများ၊ ကျန်းမာရေးဌာနများ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ ခုတင်အဆင့်မြှင့်တင်ခြင်းတို့အတွက် လိုအပ်သည့် အခြေခံမူများ

### မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆေးရုံများ ခုတင်အဆင့်မြှင့်တင်ရန် လိုအပ်သည့် အခြေခံမူများ | ၁-၂ |
| ၂။ | တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် လိုအပ်သည့် အခြေခံမူများ | ၃ |
| ၃။ | ဒေသန္တရကျန်းမာရေးဌာန ဖွင့်လှစ်ရန် လိုအပ်သည့် အခြေခံမူများ | ၄ |
| ၄။ | ဒေသန္တရကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် လိုအပ်သည့် အခြေခံမူများ | ၅ |
| ၅။ | ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ရန် လိုအပ်သည့် အခြေခံမူများ | ၆ |
| ၆။ | ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် လိုအပ်သည့် အခြေခံမူများ | ၇ |

## ဆေးရုံများ ခုတင်အဆင့် တိုးမြှင့်ရန်လိုအပ်သည့် အခြေခံမူများ

၁။ အတွင်းလူနာဦးရေ (Total number of admissions)သည် လွန်ခဲ့သည့် (၅)နှစ်မှ ယခုနှစ်အထိ တစ်နှစ်ထက်တစ်နှစ် များပြားလာခြင်း၊ (Increasing trend)

၂။ ဆေးရုံလုပ်ငန်း အညွှန်းကိန်းများ(Hospital performance indices)သည် လွန်ခဲ့သော (၅)နှစ်မှ ယခုနှစ်အထိ ဆက်လက်တက်နေခြင်း၊ (Increasing trend)

### ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်

| စဉ် | အကြောင်းအရာ | --ခုနှစ် | --ခုနှစ် | --ခုနှစ် | --ခုနှစ် | --ခုနှစ် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | တစ်နေ့ပျမ်းမျှဆေးရုံအတွင်းလူနာဦးရေ<br>Average number of in- patients per day | | | | | |
| ၂ | တစ်ရက်ပျမ်းမျှပြင်ပလူနာဦးရေ<br>Average number of out -patients per day | | | | | |
| ၃ | အတွင်းလူနာတစ်ဦး ပျမ်းမျှဆေးရုံတက်ရက်ပေါင်း<br>Average duration of stay in days | | | | | |
| ၄ | ဆေးရုံအသုံးပြုနိုင်သည့် ခုတင်အသုံးပြုမှုရာခိုင်နှုန်း<br>Percentage of bed occupancy based on available beds | | | | | |
| ၅ | ဆေးရုံခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်း<br>Percentage of bed occupancy based on sanctioned beds | | | | | |
| ၆ | တစ်နှစ်အတွင်း ခုတင်တစ်လုံးမှ ပျမ်းမျှ ဆေးရုံဆင်း လူနာဦးရေ<br>Average turn- over of patients per bed per year | | | | | |

၃။ တစ်နေ့ပျမ်းမျှ အတွင်းလူနာဦးရေ (Average number of in-patients per day)သည် အဆင့်မြှင့်တင်လိုသော ခုတင်ဦးရေ အရေအတွက်ထက်မနည်းခြင်း-

ဥပမာ- (၁၆)ခုတင်မှ (၂၅)ခုတင်သို့ အဆင့်မြှင့်တင်လိုလျှင် Average number of in-patients per day သည် အနည်းဆုံး (၂၅) ဖြစ်ရမည်။

$$\text{Average number of in-patients per day} = \frac{\text{Total number of patient days}}{\text{365 (Number of days in year)}}$$

၄။ ဆေးရုံခွင့်ပြုခုတင်၏အသုံးချမှုရာခိုင်နှုန်း (Percentage of bed occupancy based on sanctioned beds) သည် (၅)နှစ်စာ ပျမ်းမျှခြင်းအားဖြင့် အောက်ပါအတိုင်း အနည်းဆုံးဖြစ်ရမည်-

(က) ၁၆ ခုတင်မှ ၂၅ ခုတင် % Occupancy > 200 %

(ခ) ၂၅ ခုတင်မှ ၅၀ ခုတင် % Occupancy > 200 %

(ဂ) ၅၀ ခုတင်မှ ၁၀၀ ခုတင် % Occupancy > 200 %

(ဃ) ၁၀၀ ခုတင်မှ ၂၀၀ ခုတင် % Occupancy > 200 %

$$\text{Percentage of bed occupancy based on sanctioned beds} = \frac{\text{Average number of in-patient per day}}{\text{Number of sanctioned beds}} \times 100$$

၅။ ခုတင်အဆင့်တိုးမြှင့်မည့် ဆေးရုံတွင် နောင်အဆောက်အဦ တိုးချဲ့နိုင်ရန် အောက်ဖော်ပြပါအတိုင်း မြေဧရိယာအကျယ်အဝန်းရှိခြင်း၊ မြေယာပိုင်ဆိုင်မှုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနပိုင် မြေဖြစ်ရမည်ဖြစ်ခြင်း(သို့မဟုတ်)တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ပုံစံ(၁၀၅)/(၁၀၆ ) ရှိပြီးဖြစ်ရမည်-

(က) ၁၆ ခုတင်မှ ၂၅ ခုတင် ၅ ဧက

(ခ) ၂၅ ခုတင်မှ ၅၀ ခုတင် ၇ ဧက

(ဂ) ၅၀ ခုတင်မှ ၁၀၀ ခုတင် ၈ ဧက

(ဃ) ၁၀၀ ခုတင်မှ ၂၀၀ ခုတင် ၁၀ ဧက နှင့်အထက်

**(မှတ်ချက်။ ခက်ခဲဒေသများအတွက် လိုအပ်ချက်ကို လျှော့ပေါ့စဉ်းစားပေးပါမည်။)**

## တိုက်နယ်ဆေးရုံဖွင့်လှစ်ရန်နေရာဒေသရွေးချယ်ရေးအခြေခံမူများ

၁။ ကျေးလက်ကျန်းမာရေးဌာန၊ ဖွင့်လှစ်ထားရှိပြီးသော ကျေးရွာဖြစ်ပြီး ကျေးရွာလူထုမှ ယင်းကျေးလက်ကျန်းမာရေးဌာနသို့ အသုံးချမှုနှုန်း (Utilization Rate) ကောင်းခြင်း-

| စဉ် | အကြောင်းအရာ | --ခုနှစ် | --ခုနှစ် | --ခုနှစ် | --ခုနှစ် | --ခုနှစ် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | အထွေထွေဆေးခန်းလာလူနာပေါင်း(သစ်) | | | | | |
| ၂ | အထွေထွေဆေးခန်းလာလူနာပေါင်း (သစ်+ဟောင်း) | | | | | |
| ၃ | အထက်အဆင့်သို့ လွှဲပြောင်းပေးသည့် လူနာပေါင်း | | | | | |

၂။ အဆောက်အဦဆောက်လုပ်ရန် မြေဧကအနည်းဆုံး(၄)ဧကရှိခြင်း၊ မြေယာပိုင်ဆိုင်မှုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနပိုင် မြေဖြစ်ရမည်ဖြစ်ခြင်း (သို့မဟုတ်) တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ပုံစံ(၁၀၅) /(၁၀၆ )ရှိပြီးဖြစ်ခြင်း။

၃။ တိုက်နယ်ဆေးရုံ အသစ်တည်နေရာသည် လမ်းပန်းဆက်သွယ်ရေးအရ မြို့နယ်ဆေးရုံများသို့ လာရောက်ရန် ခက်ခဲသောနယ်မြေမှ လူနာများ အလွယ်တကူလာရောက်နိုင်သော နေရာဖြစ်ခြင်း။

၄။ အိမ်ခြေနှင့် အိမ်ထောင်စုဦးရေများပြားပြီး လူဦးရေအနည်းဆုံး (၃၀၀၀၀)ရှိရမည်ဖြစ်ခြင်း။

၅။ လုံခြုံမှုကောင်းမွန်ခြင်း။

**(မှတ်ချက်။ ခက်ခဲဒေသများအတွက် လိုအပ်ချက်ကို လျော့ပေါ့စဉ်းစားပေးပါမည်။)**

## ဒေသန္တရကျန်းမာရေးဌာန ဖွင့်လှစ်ရန် အခြေခံမှုများ

၁။ မိခင်နှင့်ကလေး ကျောင်းကျန်းမာရေးဌာနများ ဖွင့်လှစ်ပြီးသောမြို့များမှ မြို့လူဦးရေ (၅၀,၀၀၀-၁၀၀,၀၀၀) ရှိခြင်း။

၂။ မြို့ရပ်ကွက်များပြားပြီး ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနသို့ သွားရောက်ပြသရန် ခရီးကွာဝေးခြင်း၊ အခက်အခဲရှိခြင်း။

၃။ ဒေသန္တရကျန်းမာရေးဌာန ဖွင့်လှစ်ခြင်းဖြင့် ပြည်သူ့ဆေးရုံ၊ ပြင်ပလူနာဌာနအစား၊ အရေးပေါ်ဌာန အဖြစ် ပြောင်းလဲဖွင့်လှစ်ခြင်းဖြင့် ဆေးရုံလုပ်ငန်းများ ပိုမိုတာဝန်ယူဆောင်ရွက်မှုရှိခြင်း။

၄။ တိုးချဲ့ရပ်ကွက်များ ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလိုအပ်လာသော နေရာဖြစ်ခြင်း။

၅။ ဒေသန္တရကျန်းမာရေးဌာန ဖွင့်လှစ်ပေးရန်အတွက် မြို့ပေါ်လူဦးရေ(၁၀၀,၀၀၀)ခန့်ရှိရန် ဖြစ်သော်လည်း လိုအပ်ချက်အရ အချို့ဒေသများတွင် ချွင်းချက်ထားရှိ ဖွင့်လှစ်ပေးရန်။

## ဒေသန္တရကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် အခြေခံမူများ

၁။ ပင်မဒေသန္တရကျန်းမာရေးဌာန ဖွင့်လှစ်ပြီးဖြစ်ခြင်း။

၂။ မြို့လူဦးရေ (၁၀၀,၀၀၀)ကျော်ရှိခြင်း။

၃။ ရပ်ကွက်များပြားပြီး ပင်မဒေသန္တရကျန်းမာရေးဌာနဖြင့် လွှမ်းခြုံမှုပေးရန် မလုံလောက်ခြင်း။

၄။ တိုးချဲ့ရပ်ကွက်သစ်များ ပေါ်ပေါက်လာပြီး ပင်မဒေသန္တရနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်ကုသမှုခံယူရန် ကွာဝေးခြင်း။

၅။ လက်ရှိ ပင်မဒေသန္တရကျန်းမာရေးဌာန၊ ဝန်ထမ်းအင်အားဖြင့် ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ရန် မနိုင်မနင်းရှိခြင်း။

## ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ရန် အခြေခံမူများ

၁။ ဌာနသစ်ဖွင့်လှစ်မည့် ကျေးရွာသည် လုံခြုံမှုရှိခြင်း။

၂။ ယင်းကျေးရွာသည် ကျေးရွာအုပ်စု (၁၀)အုပ်စုအထိ သွားလာလုပ်ကိုင်နိုင်သော နေရာဖြစ်ခြင်း၊ အုပ်ချုပ်ရေးအရ ကျေးရွာအုပ်စုရှိသော ကျေးရွာဖြစ်သင့်ပါသည်။

၃။ သာမန်အားဖြင့် လူဦးရေ တစ်သောင်းမှ တစ်သောင်းနှစ်ထောင်အတွင်းရှိခြင်း (ခက်ခဲဒေသများ အတွက် လူဦးရေကို ထည့်သွင်းစဉ်းစားခြင်းမပြုရန်၊ အမှန်တကယ်လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားရန်၊ နယ်မြေဒေသအခြေအနေတို့ကို ထည့်သွင်းစဉ်းစားရန်)။

၄။ အနီးအနားကျေးရွာများမှ ယင်းကျေးရွာများသို့ သွားလာမှုလွယ်ကူ၍ ဗဟိုအချက်အခြာကျပြီး တိုက်နယ်ဆေးရုံ (သို့မဟုတ်) မြို့နယ်ဆေးရုံများသို့ လူနာများ ထပ်ဆင့် ပို့ဆောင်ရေးအတွက် လမ်းပန်း ဆက်သွယ်မှုရှိခြင်း။

၅။ ၎င်းကျေးရွာသည် ဗဟိုအချက်အခြာကျခြင်း၊ လူဦးရေသိပ်သည်းမှုရှိခြင်းနှင့် ကျောထောက်နောက်ခံ ကျေးရွာများရှိပြီး၊ ကျန်းမာရေးစောင့်ရှောက်မှုကို လက်ခံအသုံးပြုအားကောင်းသော ကျေးရွာဖြစ်ခြင်း။

၆။ ယခုအခါ နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် ကျန်းမာရေးဌာနများ၏ စံကိုက်အဆောက်အဦများ ဆောက်လုပ်ပေးလျက်ရှိရာ အဆောက်အဦဆောက်လုပ်ရန် လုံလောက်သောမြေနေရာ ပေ ၁၅၀ ပတ်လည် (၀.၅၈ဧက)အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနပိုင်အဖြစ် ဂရန်အမည်ပေါက်ရှိခြင်း (သို့မဟုတ်) အနိမ့်ဆုံးအနေဖြင့် ပုံစံ(၁၀၅-၁၀၆) ရှိခြင်း။

## ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် အခြေခံမူများ

၁။ ခက်ခဲဒေသများအတွက် လူဦးရေကို ထည့်သွင်းစဉ်းစားခြင်း မပြုရန်၊ အမှန်တကယ် လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားရန်၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ လိုအပ်ချက်သဘောထားမှတ်ချက်အပေါ် အဓိကဦးစားပေးစဉ်းစားရန်။

၂။ လူဦးရေပျမ်းမျှ အနည်းဆုံး(၂၀၀၀)မှ အများဆုံး(၃၀၀၀)ခန့်ကို လွှမ်းခြုံနိုင်ခြင်း။

၃။ ခရီးလမ်းပန်းဆက်သွယ်မှု အခြေအနေကောင်းမွန်ခြင်း။

၄။ စီးပွားရေးအချက်အခြာကျပြီး ဖွံ့ဖြိုးမှု အလားအလာရှိခြင်း။

၅။ နောင်တွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်မည့် အခြေအနေများရှိခြင်း။

၆။ ယခုအခါ နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် ကျန်းမာရေးဌာနခွဲများ၏ စံကိုက်အဆောက်အဦများဆောက်လုပ်ပေးလျက်ရှိရာ အဆောက်အဦဆောက်လုပ်ရန် လုံလောက်သောမြေနေရာ ပေ ၁၀၀ ပတ်လည် (၀.၂၃ဧက)အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနပိုင်အဖြစ် ဂရန်အမည်ပေါက်ရှိခြင်း (သို့မဟုတ်) အနိမ့်ဆုံးအနေဖြင့် ပုံစံ(၁၀၅-၁၀၆)ရှိခြင်း။